ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

မေ့အသံ

အတွဲ(၂)၊ အမှတ်-၁၁ | လစဉ်သတင်းလွှာ | ဧပြီ ၈ ရက်၊ ၂၀၂၀

# လူမှုအသိုင်းအဝိုင်းမှ အယူအဆများပေါင်းစပ်နေသည့် တရားစီရင်ရေးစနစ်က အမျိုးသမီးများ တရားမျှတမှု ရရှိရန် သက်ရောက်မှုရှိနေ

**ဖေဖော်ဝါရီ ၂၈၊ ၂၀၂၀**

ယဉ်ကျေးမှုနှင့်လူမှုရေး စံသတ်မှတ်ချက်များ၊ ဘာသာရေးယုံကြည်မှုများနှင့် လူမှုအသိုင်းအဝိုင်းမှ တည်ဆောက်ထားသော အယူအဆများ ပေါင်းစပ်နေသည့် တရားစီရင်ရေးစနစ်သည် အမျိုးသမီးများ တရားမျှတမှုရရှိရန် သက်ရောက်မှုများရှိနေသည်ဟု တရားမျှတမှုလက်လှမ်းမီမှု အခြေအနေကို "ဂျဲန်ဒါရှုထောင့်ဖြင့် လေ့လာသုံးသပ်ခြင်း (မွန်ပြည်နယ်တောင်ပိုင်းဒေသ)" စာတမ်းအရ သိရသည်။

ထိုသို့သက်ရောက်မှုများက လူ့အဖွဲ့အစည်းအတွင်း အမျိုးသားနှင့် အမျိုးသမီးတို့ကြား အာဏာမညီမျှမှုများကို နက်ရှိုင်းစွာဖြစ်စေသည်ဟု စာတမ်းကဖော်ပြထားသည်။ ယင်းစာတမ်းကို ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF) မှ အကြီးတန်းသုတေသီ မိသန်း(ဂ်)စွန်းပွိုင့်က လေ့လာပြုစုထားခြင်း ဖြစ်သည်။ မွန်ပြည်နယ် တောင်ပိုင်းဒေသရှိ ကျေးရွာနှစ်ရွာကို ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်းက လေ့လာထားခြင်းဖြစ်သည်။ မြန်မာအစိုးရ၏ တရားဝင်အုပ်ချုပ်မှုအောက်ရှိ မွန်ကျေးရွာ (စာယာကျေးရွာ)နှင့် အကြီးဆုံး မွန်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (EAO) ဖြစ်သည့် မွန်ပြည်သစ်ပါတီ ထိန်းချုပ်ထားသည့် ဒေသအတွင်းရှိ ဂျရားချမ်းကျေးရွာတို့တွင် နေ့စဉ်နှင့်အမျှ တရားမျှတမှုအား လက်လှမ်းမီရယူနိုင်သည့် အခြေအနေကို ဂျဲန်ဒါအမြင်ဖြင့် လေ့လာထားခြင်းဖြစ်သည်။ အစိုးရတရားစီရင်ရေး



စနစ်သာမက ပြင်ပတရားစီရင်ရေးစနစ်ဖြစ်သည့် ကျေးရွာအဆင့်နှင့် တိုင်းရင်းသားလက်နက်ကိုင် မွန်ပြည်သစ်ပါတီ၏ တရားစီရင်ရေးတွင်လည်း ကျေးလက်နေ မွန်အမျိုးသမီးများ တရားမျှတမှုလက်လှမ်းမီရန် အခက်အခဲများစွာ ရင်ဆိုင်နေရသည်ကို မီးမောင်းထိုးပြထားပါသည်။

အစိုးရတရားစီရင်ရေးစနစ်တွင် ကျေးလက်ဒေသနေ မွန်အမျိုးသမီးများသည် တရားစီရင်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်လျှင် ဗဟုသုတနည်းပါးခြင်း၊ ဘာသာစကား အခက်အခဲများရှိခြင်းသည်လည်း အမျိုးသမီးများ တရားမျှတမှုလက်လှမ်းမီရန် ထည့်သွင်းစဉ်းစားသင့်သည့် အရေးကြီးသည့်အချက်ဖြစ်သည်ဟု စာတမ်းတွင် ထောက်ပြထားသည်။ အမျိုးသမီးများသည် အမှုရင်ဆိုင်ရာတွင် ဘာသာရေး၊ ကိုးကွယ်ယုံကြည်မှုအပေါ် အခြေခံသည့် တရားမျှတမှုကို လက်ခံထားကြသည်ဟု လေ့လာခဲ့သည့်အမှုကိစ္စများကို ဥပမာပေး၍ စာတမ်းပြုစုသူက ထောက်ပြထားသည်။ အမှုကိစ္စများကို ဥပဒေအတိုင်းဖြေရှင်းခြင်းသည် အရှက်နှင့်သိက္ခာကို ထိခိုက်စေသည့် အပြင် စိတ်ခံယူချက်နှင့် ဘာသာရေးအယူအဆအားဖြင့် မိမိတို့ကံကြောင့်ဖြစ်သည်ဟု ယူဆကြသောကြောင့် သက်ဆိုင်ရာသို့ တိုင်ကြားခြင်းမရှိကြပါ။ အမျိုးသမီးများသည် အမျိုးသားများနှင့် နှိုင်းယဉ်ပါက အစိုးရတရားရုံးများထက် ကိုးကွယ်ယုံကြည်မှုဆိုင်ရာ တရားစီရင်ရေးစနစ်ကို ပို၍အသုံးပြုကြောင်း စာတမ်းတွင်ဖော်ပြထားသည်။ ၎င်းသည် အမျိုးသမီးများ၏ စိတ်ပိုင်းဆိုင်ရာအားဖြင့် လုံခြုံမှုမှာ ပြင်းထန်သည့် ယုံကြည်မှုများ၏ သက်ရောက်မှုဖြစ်သလို တရားဥပဒေစိုးမိုးမှုမရှိခြင်း၏ အကျိုးဆက်တစ်ခုအဖြစ် မြင်နိုင်သည်ဟု စာတမ်းကဆိုသည်။ အမျိုးသမီးများအတွက် အစိုးရတရားစီရင်ရေးစနစ်မရှိခြင်းကြောင့် အစားထိုးသည့်အနေနှင့် ယုံကြည်မှုဆိုင်ရာ တရားစီရင်ရေးစနစ်တစ်ခုသဖွယ် မြင်နိုင်သည်ဟု စာတမ်းက သုံးသပ်ထားသည်။

ပညာအလင်းပွင့်မြန်မာသုတေသန ဖောင်ဒေးရှင်း (EMReF) မှ အကြီးတန်းသုတေသီ မိသန်း(ဂ်)စွန်းပွိုင့်က "ဒီစာတမ်းက အစိုးရက အမျိုးသမီးတွေအတွက် တရားမျှတမှု လက်လှမ်းမီမှု ပိုပြီးရရှိဖို့ ဦးတည်တဲ့အခါ တစ်နည်းတစ်ဖုံ အထောက်အပံ့ဖြစ်မယ်လို့ မျှော်လင့်ပါတယ်။ အစိုးရတရားစီရင်ရေးစနစ်နဲ့ပတ်သက်ရင်လည်း ဒေသခံအမျိုးသမီးအများစုက ဗမာစကားကို ကျွမ်းကျွမ်းကျင်ကျင် မပြောနိုင်တာမို့ ဒေသသုံးဘာသာစကားတွေပြောနိုင်တဲ့ တရားရေးနဲ့ပတ်သက်တဲ့ ဝန်ဆောင်မှုပေးသူတွေရှိလာဖို့ အရေးကြီးပါတယ်"ဟု အကြံပြုသည်။

ပညာအရည်အချင်းနည်းပါးသည့် အမျိုးသမီးများကို ထည့်သွင်းစဉ်းစားပေးနိုင်ရန် ဥပဒေရေးရာအသုံးအနှုန်းများနှင့် လုပ်ထုံးလုပ်နည်းများကို ပိုမိုရှင်းလင်းနားလည်လွယ်အောင် ဆောင်ရွက်ခြင်းမှာ အရေးကြီးသည်ဟုဆိုသည်။ မြန်မာအစိုးရသည် အမျိုးသမီးများ၏ တရားရေးဆိုင်ရာ အခွင့်အရေးနှင့် ပတ်သက်၍ စုံစမ်းမှုများပြုလုပ်ပြီး ပြန်လည်သုံးသပ်ဖို့လိုအပ်သလို ဘတ်ဂျက်အသုံးစရိတ်များသတ်မှတ်၍ တရားစီရင်ရေး၌ အမျိုးသမီး အမျိုးသား တန်းတူအခွင့်အရေးရရှိရေးကိစ္စများကို ဦးစားပေးဆောင်ရွက်သင့်သည်ဟု စာတမ်းတွင် အကြံပြုထားသည်။ အမျိုးသမီးများအတွက် ဥပဒေအကြံပေးများထားရှိရေးသည်လည်း အရေးကြီးသည့်ကိစ္စဖြစ်သည်ဟု သိရသည်။

ယင်းစာတမ်းကို Independent Journal of Burmese Scholarship (www.journalofburmesescholarship.org) ဝက်ဘ်ဆိုက်စာမျက်နှာတွင် အပြည့်အစုံ ဖတ်ရှုနိုင်သည်။

**ရွှေလေး**



ဤသတင်းလွှာကို ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးစိန်ခေါ်မှုများ အဖြေရှာရန်အတွက် အဖွဲ့အစည်းများနှင့် သုတေသီများအတွက် ငွေကြေးထောက်ပံ့ပေးနေသည့် ကနေဒါအပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးသုတေသနစင်တာ (IDRC)နှင့် Global Affairs Canada တို့မှ ထောက်ပံ့ပေးခြင်းဖြစ်သည်။ ယခုသတင်းစာတွင် ပါဝင်သော အကြောင်းအရာများကို မည်သည့်အဖွဲ့အစည်းမဆို လွတ်လပ်စွာမျှဝေနိုင်သည်။
သတင်းလွှာကို အခမဲ့ရယူနိုင်ရန် shweshwe.kyinhlaingg@gmail.com သို့ ဆက်သွယ်နိုင်ပါသည်။

# တစ်သျှူးငှက်ပျောစိုက်ပျိုးရေးနှင့် အမျိုးသမီးတို့၏ဘဝများစွာ



ဓာတ်ပုံ-ရွှေလေး

**မတ် ၃၊ ၂၀၂၀**

မြန်မာနိုင်ငံတွင် တစ်သျှူးငှက်ပျောစိုက်ပျိုးရေး၌ အမျိုးသမီးပါဝင်မှုနှုန်း မြင့်မားသော်လည်း အမျိုးသမီးများမှာ ပြောရေးဆိုခွင့်အတွက် နေရာပေးမခံရခြင်း၊ အသိပညာနည်းပါးခြင်း၊ စေ့စပ်ညှိနှိုင်းမှုအင်အားပါဝါနည်းပါးခြင်းတို့ကြောင့် ထိခိုက်နစ်နာမှုများပို၍ ကြုံတွေ့ရသည်ဟု "တစ်သျှူးငှက်ပျောပင်နှင့် အမျိုးသမီးတို့၏ဘဝများစွာ" အစီရင်ခံစာ အရသိရသည်။

ယင်းအစီရင်ခံစာသည် တစ်သျှူးငှက်ပျောစိုက်ပျိုးထုတ်လုပ်မှုကြောင့် ကချင်ပြည်နယ်ဒေသခံတို့၏ ထိခိုက်ခံစားရမှုအနေအထားအား ကျား-မရေးရာရှုထောင့်မှ သုံးသပ်လေ့လာထားခြင်းဖြစ်သည်။ ၂၀၁၉ ခုနှစ် မေလက ကချင်ပြည်နယ် ဝိုင်းမော်၊ မိုးမောက်နှင့် လိုင်ဇာမြို့နယ်ရှိ ကျေးရွာပေါင်း(၁၂)ရွာတွင် အချက်အလက်များ ကောက်ယူခဲ့ခြင်းဖြစ်သည်။

တစ်သျှူးငှက်ပျောစိုက်ပျိုးရေးတွင် ရပ်ရွာအစည်းအဝေးများပြုလုပ်၍လုပ်ငန်းအကြောင်းပွင့်လင်းမြင်သာစွာ ရှင်းပြပြောဆိုမှုမရှိသဖြင့် အမျိုးသမီးများ ပါဝင်နိုင်ခွင့်လည်း ပျောက်ဆုံးခဲ့ရသည်ဟု အစီရင်ခံစာကဆိုသည်။ ထို့အတူမြေယာကို ရောင်းဝယ်/ငှားရမ်း ညှိနှိုင်းမှုများတွင်လည်း အိမ်ထောင်ဦးစီးကို မြေယာပိုင်ရှင်အဖြစ်သာ သတ်မှတ်သဖြင့် အမျိုးသမီးတို့၏အသံနှင့် ဆုံးဖြတ်ချက်ချမှတ် ပါဝင်နိုင်မှု အခွင့်အလမ်းနည်းပါးခဲ့ရသည်။ လေ့လာရေးတွင်ပါဝင်ခဲ့သည့် ကျေးရွာများတွင် အမျိုးသမီးများ၏အရေးကိစ္စများကို ကိုယ်စားပြုပေးနိုင်မည့်အဖွဲ့ အားနည်းခြင်း၊ ကိုယ်တိုင်က အသိပညာမပြည့်စုံခြင်း၊ စုစည်းမှုနည်းပါးခြင်းစသည့် အခြေအနေများ ရှိနေသည်ဟု ဆိုသည်။ ထို့အတွက်ကြောင့် ဒေသ၏လူမှုရေး၊ စီးပွားရေးနှင့် သဘာဝဝန်းကျင်ပြောင်းလဲမှုများတွင် ထိခိုက်အလွယ်ဆုံးအနေအထားတွင် ရှိနေဆဲဖြစ်သည်ဟု သိရသည်။

တစ်သျှူးငှက်ပျော စိုက်ပျိုးရေးကြောင့် ပြင်ပမှ ရွှေ့ပြောင်းလုပ်သားနှင့် လူစိမ်းများဝင်ရောက်လာပြီးနောက်ပိုင်း လောင်းကစားဝိုင်းများရှိလာခြင်း၊ ပစ္စည်းအပျောက်အရှများလာခြင်း၊ တစ်ဦးတည်းသွားလာရန် လုံခြုံမှုမရှိတော့ခြင်းစသည့် လုံခြုံရေးပြဿနာများရှိသော်လည်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုဖြစ်ပွားခြင်းမျိုးကို ထုတ်ဖော်ပြောဆိုခြင်းနည်းပါးသည်ဟု အစီရင်ခံစာတွင်ဖော်ပြထားသည်။ အဓမ္မလိင်အကြမ်းဖက်ခြင်းကိစ္စကို ပြောဆိုမှုနည်းသော်လည်း လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်းနှင့် ကာမလိမ်လည်မှု ပြဿနာအချို့ကိုမူ ကြားသိရသည်ဟုဆိုသည်။ တစ်သျှူးငှက်ပျောခြံအတွင်းဖြစ်ပွားသည့် လိင်ပိုင်းဆိုင်ရာ မဖွယ်မရာအမှုတစ်ချို့ကို လေ့လာတွေ့ရှိခဲ့ရပြီး အမှုများမှာ ကျား-မ အင်အားပါဝါ ကွာခြားခြင်း၊ အလုပ်ရှင်နှင့်အလုပ်သမားစသည့် လူတန်းစားအလွှာပေါ်မူတည်သည့် အင်အားပါဝါ ကွာခြားခြင်းကိုလည်း တွေ့ရှိရသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် တစ်သျှူးငှက်ပျောစိုက်ပျိုးရေး၌ အမျိုးသမီးပါဝင်မှုနှုန်း မြင့်မားသော်လည်း တစ်သျှူးငှက်ပျောနှင့် လယ်ယာမြေပိုင်ဆိုင်ခွင့်၊ တစ်သျှူးငှက်ပျောကြောင့် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုစသည့် လေ့လာမှုများသာများပြားပြီး တစ်သျှူးငှက်ပျောစိုက်ပျိုးမှုကို ကျား-မရေးရာရှုထောင့်မှ ရှုမြင်သုံးသပ်လေ့လာမှုသည် လစ်ဟာနေသည့်အတွက် ယင်းကို ဤသုတေသနက ဖြည့်ဆည်းနိုင်ရန် ရည်ရွယ်သည်ဟု အစီရင်ခံစာတွင် ရေးသားထားသည်။ ဤလေ့လာမှု၏ ရည်ရွယ်ချက်များမှာ ၁) တစ်သျှူးငှက်ပျောစိုက်ပျိုးမှုအကြောင်း ဒေသခံတို့၏ နားလည်သိရှိထားမှုနှင့် သဘောထားအမြင်များကို ဆန်းစစ်ရန်၊ ၂) တစ်သျှူးငှက်ပျောစိုက်ပျိုးမှုတွင် ကျား-မ ပါဝါအာဏာအပြောင်းအလဲကို ပိုမိုနားလည်ရန်၊ ၃) တစ်သျှူးငှက်ပျောစိုက်ပျိုးမှုတွင် အမျိုးသမီးတို့၏ အတွေ့အကြုံများကို ဆန်းစစ်ရန်၊ ၄) အမျိုးသမီးတို့ ကြုံတွေ့နေရသော စိန်ခေါ်မှုများနှင့် တရားမျှတမှုကို လက်လှမ်းမီနိုင်ရေးအတွက် ၎င်းတို့၏ကြိုးစားမှုများကို ဖော်ထုတ်ရန်တို့ဖြစ်သည်။ ယင်းအစီရင်ခံစာကို ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF) နှင့် Htoi Gender Development Foundation တို့ပူးပေါင်း၍ ၂၀၁၉ ခုနှစ်၊ မေလအတွင်းက ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အစီရင်ခံစာကို ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလတွင် ဖြန့်ချိခဲ့သည်။


**ရွှေလေး**

# အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်လှုပ်ရှားမှုများ

**မတ် ၁၀၊ ၂၀၂၀**

မတ်လ(၈)ရက်နေ့ကို အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အဖြစ်သတ်မှတ်ပြီး နှစ်စဉ်အထိမ်းအမှတ်ပွဲများ ကျင်းပပြုလုပ်လေ့ရှိကြသလို မတ်လကိုလည်း အမျိုးသမီးများလအဖြစ် သတ်မှတ်ဂုဏ်ပြုကြသည်။ ယခုနှစ်တွင်တော့ အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါ ကိုရိုနာဗိုင်းရပ်စ် (COVID-19) ကြောင့် လူစုလူဝေးနှင့်အခမ်းအနားကြီးများကျင်းပခြင်းထက် လူအနည်းငယ်နှင့် အခမ်းအနားများ၊ အွန်လိုင်းကမ်ပိန်းများ ပြုလုပ်ခဲ့ကြပါသည်။ မတ်လအတွင်း ကျင်းပခဲ့သည့် အမျိုးသမီးအရေးလှုပ်ရှားမှုတချို့ကို ဖော်ပြလိုက်ပါသည်။

## ပြင်သစ်ယဉ်ကျေးမှုဌာန၏ အမျိုးသမီးများအခွင့်အရေး ရက်သတ္တပတ်




၂၀၂၀ ခုနှစ်၊ မတ်လ (၈)ရက် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ (International Women's Day) အထိမ်းအမှတ်အဖြစ် အမျိုးသမီးများ အခွင့်အရေးရက်သတ္တပတ်ကို ပြင်သစ်ယဉ်ကျေးမှုဌာန (Institut Francais de Birmanie) က ကျင်းပပြုလုပ်ခဲ့သည်။ အမျိုးသမီးများအခွင့်အရေး ရက်သတ္တပတ်ကို မတ်လ (၃) ရက်နေ့မှ (၆) ရက်နေ့ထိ ကျင်းပပြုလုပ်ခဲ့ပြီး ရုပ်ရှင်၊ ပြခန်းများ၊ စကားဝိုင်းဆွေးနွေးပွဲများ၊ ဂီတဖျော်ဖြေပွဲများ၊ ပါဖောမန့်စ် အနုပညာတိုက်ရိုက်ထုတ်လွှင့်ပြသမှုစသည့် အစီအစဉ်များ ပါဝင်ခဲ့သည်။



**ဓာတ်ပုံ - Institut Francais de Birmanie Facebook page**

## ကျား-မ တန်းတူညီမျှရေးအတွက် ရည်ရွယ်သည့် "ကျွန်မတို့လိုချင်သော ဘဝများဆီသို့" ကမ်ပိန်း




မတ်လ (၆) ရက်နေ့မှစပြီး ကျား-မ တန်းတူညီမျှရေးနှင့် အားလုံး၏ဘဝများ လှပဖို့ ရည်ရွယ်သည့် "ကျွန်မတို့ လိုချင်သော ဘဝများဆီသို့" (To Our Lives We Want) ကမ်ပိန်း ပြုလုပ်ခဲ့သည်။ ထိုကမ်ပိန်းတွင် "ကျွန်မ မလိုချင်တဲ့ ကျွန်မဘဝ" (My Life I Don't Want) ကာတွန်းဇာတ်လမ်းတိုကို "To Our Lives We Want" ဖေ့စ်ဘွတ်စာမျက်နှာမှ ထုတ်လွှင့်ပြသခဲ့ပြီး လူတစ်ဦးစီ ကြည့်ရှုမှုတိုင်းအတွက် အလှူငွေသုံးကျပ်စီ လှူဒါန်းသွားမှာဖြစ်ပါသည်။ ယင်းကာတွန်းဇာတ်လမ်းတိုသည် မြန်မာအမျိုးသမီး တစ်ဦး တွေ့ကြုံခံစားရသည့် ခွဲခြားဆက်ဆံမှုများကို သိမြင်ပြီး ပိုမိုကောင်းမွန်သည့်မျှတမှုများကို လူတစ်ဦးချင်းစီအတွက် ယူဆောင်လာဖို့ ဦးတည်သည့်ဇာတ်လမ်းဖြစ်ပြီး Pencell Animation Studio မှ တည်ထောင်သူ ကိုဉာဏ်ကျယ်စေက ဖန်တီးထားခြင်းဖြစ်သည်။ ရရှိသည့် ရန်ပုံငွေများကို အမျိုးသမီးစွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ လိင်နှင့်မျိုးဆက်ပွားကျန်းမာရေး အသိပညာပေးခြင်းနှင့် အမျိုးသမီးနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှု လျော့နည်းပပျောက်ရေး အသိပညာပေးခြင်းများအတွက် လှူဒါန်းသွားမည်ဟု သိရသည်။




ဓာတ်ပုံ - To Our Lives We Want Facebook page

## အမျိုးသမီးအဖွဲ့များ ပူးပေါင်းကျင်းပသည့် အမျိုးသမီးများနေ့ အခမ်းအနား







အမျိုးသမီးအဖွဲ့များကွန်ရက်၊ Win-Peace နှင့် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) တို့ ပူးပေါင်းပြီး အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားကို I am Generation Equality: Realizing Feminism ဆောင်ပုဒ်ဖြင့် အင်းလျားလိတ်ဟိုတယ်တွင် မတ်လ (၈) ရက်နေ့က ကျင်းပပြုလုပ်ခဲ့သည်။

ဓာတ်ပုံ- Women's League of Burma (WLB) Facebook Page



ဓာတ်ပုံ-https://www.facebook.com/melindagates

## ကမ္ဘာကျော်တို့ရဲ့ ပြောစကား

"အသံထွက်တဲ့ အမျိုးသမီးဟာ သန်မာတဲ့အမျိုးသမီး တစ်ယောက်ဖြစ်တယ်"

----- Melinda Gates (American philanthropist)

# ၂၀၂၀ရွေးကောက်ပွဲအတွက် ကျား-မတန်းတူညီမျှရေးနှင့် အမျိုးသမီးများကဏ္ဍ မြှင့်တင်ရေးဆိုင်ရာမူဝါဒ (၂၀၁၉-၂၀၂၂) ကို ရေးဆွဲအကောင်အထည်ဖော်နေ

**မတ် ၁၉၊ ၂၀၂၀**



ဓာတ်ပုံ - Union Election Commission Facebook Page

၂၀၂၀ အထွေထွေရွေးကောက်ပွဲအတွက် မျှော်မှန်း၍ ကျား-မ တန်းတူညီမျှရေးနှင့် အမျိုးသမီးများကဏ္ဍ မြှင့်တင်ရေးဆိုင်ရာ မူဝါဒ (၂၀၁၉-၂၀၂၂) ကို ရေးဆွဲအကောင်အထည်ဖော်ရန် လုပ်ဆောင်နေသည်ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆိုသည်။

မတ်လ ၆ ရက်က နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့သည့် ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲတွင် အမျိုးသမီးခေါင်းဆောင်များအား ပံ့ပိုးခြင်း၊ အမျိုးသမီးကိုယ်စားလှယ်လောင်းများ ရင်ဆိုင်ကြုံတွေ့နိုင်သော လုပ်ကြံသတင်းနှင့် အမုန်းစကားများအား တိုက်ဖျက်ခြင်းနှင့်ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

၎င်းက "ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်အရွေးခံတာ၊ ဆန္ဒမဲပေးတာဟာ လူသားအားလုံး ကျား-မ တန်းတူညီမျှပါဝင်ခွင့်ရှိတဲ့ အခွင့်အရေးတစ်ခုဖြစ်ပါတယ်။ ရွေးကောက်ပွဲတွေမှာ အမျိုးသမီးတွေအပေါ် အကြမ်းဖက်တာ၊ အမုန်းစကားတွေပြောဆိုတာဟာ ဒီမိုကရေစီရဲ့ အခြေခံအုတ်မြစ်ဖြစ်တဲ့ ရွေးကောက်ပွဲရဲ့အခြေခံစံချိန်စံညွှန်းတွေ ပျက်ယွင်းစေပါတယ်။ ဒါကြောင့် အမျိုးသမီးတွေ နိုင်ငံရေးနယ်ပယ်မှာ ပိုပြီးပါဝင်လာစေရေး၊ တန်းတူညီမျှရေးနဲ့ ဒီမိုကရေစီစံချိန်စံညွှန်းနဲ့ညီတဲ့ ရွေးကောက်ပွဲတွေဖြစ်လာအောင် လုပ်ဆောင်ဖို့ လိုအပ်ပါတယ်"ဟု ဆိုသည်။

၂၀၁၄ တွင် ကောက်ယူခဲ့သည့် သန်းခေါင်စာရင်းအရ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ပိုမိုများပြားနေသော်လည်း နိုင်ငံရေးကဏ္ဍတွင် အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူညီမျှပါဝင်မှု နည်းပါးနေသေးသည်ဟု ဆိုသည်။ လွှတ်တော်ထဲတွင် အမျိုးသမီးပါဝင်မှုသည်လည်း ၂၀၁၀ အထွေထွေရွေးကောက်ပွဲတွင် (၄) ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် (၁၃) ရာခိုင်နှုန်း ရှိခဲ့သည်ဟု သိရသည်။

၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် အမျိုးသမီးကိုယ်စားလှယ်လောင်းများ ရင်ဆိုင်ကြုံတွေ့နိုင်သည့် အမုန်းစကားများ၊ သတင်းအမှား များကို ကာကွယ်ရန်နှင့် တားဆီးတိုက်ဖျက်ရန်နည်းလမ်းများကို ညှိနှိုင်းဆွေးနွေးပေးကြရန်လည်း တိုက်တွန်းပြောကြားခဲ့သည်။ ယင်းဆွေးနွေးပွဲကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် International Foundation for Electoral Systems (IFES) တို့ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

**ရွှေလေး**